# ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အွန်လိုင်းမှတ်ပုံတင်စနစ်တွင် ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည့်အပြင် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အစိုးရဌာန၊အဖွဲ့အစည်းများမှချမှတ်ထားသော အခြားတည်ဆဲဥပဒေနှင့်နည်းဥပဒေများ လိုက်နာခြင်း မရှိကြောင်း တွေ့ရှိရပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်အရာရှိက အများပြည်သူသိရှိစေနိုင်ရန် ကြေညာသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီ ၂ ခုသည် မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်သည့် ကုမ္ပဏီ (၄၁) ခုအနက်မှ တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ခဲ့သည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၂၀/၂၀၂၅ ၊ ဆုံးဖြတ်ချက်အပိုဒ် (၁၄) အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့အထိ အချိန်ကာလ ၂ နှစ်တိတိ အမည်မည်းစာရင်း (Black List) ထည့်သွင်းသတ်မှတ်ထားခြင်းကို သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်အမှတ်/ရက်စွဲ | လိပ်စာ |
|---|---|---|---|
| (က) | K.Z.O MYANMAR COMPANY LIMITED | 130825346 (26/09/2021) | MYA NANDAR STREET, HLWAR KAMYIN NEW QUARTER, HPA-AN TOWNSHIP, KAYIN STATE, 13011, MYANMAR |
| (ခ) | SHWE MYINE YANANT COMPANY LIMITED | 133087818 (18/04/2022) | PAE SESONE STREET., NO(10-D), SESONE QUARTE, MAWLAMYINE., MON STATE, MYANMAR |

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန